“မီးဖြင့် ပြစ်ဒဏ်ပေးခြင်းသည် မီးကို

ဖန်ဆင်းတော်မူသောအရှင် မြတ်အတွက်သာလျှင်သင့်တော်ပေသည်” ဟု မိန့်ကြားတော်မူခဲ့သည်။

အိဗ်နုမတ်စ်အူးဒ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ ကျွန်ုပ်တို့သည်တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစ္စလ္လမ်)နှင့်အတူ ခရီးတစ်ခုသွားစဉ်တမန်တော်မြတ်သည် သဘာဝလိုအပ်ချက်ကို ဖြေရှင်းရန် ခေတ္တထွက်သွားခဲ့သည်။ကျွန်ုပ်တို့သည် ငှက်မတစ်ကောင်နှင့် ၎င်း၏သားပေါက်နှစ်ကောင်ကို
တွေ့ရှိခဲ့ကြသည်။ ကျွန်ုပ်တို့သည် ငှက်သားပေါက်ကလေးနှစ်ကောင်ကို
ယူဆောင်လာခဲ့ကြသည်။ ထိုအခါငှက်မသည် သူ၏အတောင်များကို ဖြန့်ကားလျက် (ဝဲပျံနေခဲ့သည်) လာခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစ္စလ္လမ်)
ပြန်ရောက်လာသောအခါ၊ “မည်သူက ဤငှက်မကို ၎င်း၏သားပေါက်များ(ကိုဖမ်းဆီးခြင်း)ဖြင့်ဝမ်းနည်းကြွေကွဲစေခဲ့သနည်း။ ၎င်း၏သားပေါက်များကိုပြန်ပေးလိုက်ကြလော့” ဟု မိန့်တော်မူခဲ့သည်။ ထို့နောက် တမန်တော်မြတ်သည်
ကျွန်ုပ်တို့မီးရှို့ပြီးသော ပုရွက်ဆိတ်အုံတစ်ခုကို တွေမြင်‌တော်မူသောအခါ
“ဤပုရွက်ဆိတ်အုံကို မည်သူမီးရှို့ခဲ့သနည်း” ဟု မေးတော်မူသည်။ကျွန်ုပ်တို့က“ကျွန်ုပ်တို့ မီးရှို့ခဲ့ပါသည်” ဟု လျှောက်ထားခဲ့ကြသည်။ ထိုအခါ
တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစ္စလ္လမ်) က “မီးဖြင့် ပြစ်ဒဏ်ပေးခြင်းသည်
မီးကို ဖန်ဆင်းတော်မူသောအရှင် မြတ်အတွက်သာလျှင် သင့်တော်ပေသည်” ဟု
မိန့်ကြားတော်မူခဲ့သည်။ [صحيح] [رواه أبو داود]

အဗ်ဒုလ္လာဟ် ဗင်န် မတ်စ်အူးဒ် (ရဿွိယလ္လာဟုအန်ဟု) က ဆင့်ပြန်တင်ပြခဲ့သည်မှာ၎င်းတို့သည် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) နှင့်အတူ ခရီးတစ်ခုတွင်ရှိနေခဲ့ကြစဥ် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် သဘာဝလိုအပ်ချက်ကိုဆောင်ရွက်ရန် ခေတ္တထွက်ခွါသွားခဲ့သည်။ ထိုအခါ ကိုယ်တော်၏ တပည့်သာဝကများကငှက်မတစ်‌ကောင်နှင့် သူ၏ငှက်သားပေါက်ကလေးနှစ်ကောင်ကို တွေ့ခဲ့ကြသည်။ ထို့နောက်သူတို့သည် ငှက်သားပေါက်ကလေးငှက်နှစ်ကောင်ကို ယူဆောင်ခဲ့ကြသည်။ ထိုအခါ ထိုငှက်မသည်သူ၏ကလေးများဆုံးရှုံးရသည့်အတွက် ကြောက်ရွံ့ပြီး စိုးရိမ်သောကရောက်ကာ အတောင်များကိုဖြန့်လျက် ပျံဝဲနေခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ပြန်ရောက်ရှိလာသောအခါ မည်သူက ဤငှက်မကို ၎င်း၏ကလေးများကို ယူဆောင်ခဲ့ခြင်းဖြင့်ဝမ်းနည်းသောကရောက်စေပြီး ထိတ်လန့်စေခဲ့သနည်း။”ဟု မိန့်ကြားတော်မူသည်- ထို့နောက်တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည် ငှက်ကလေးများကို မိခင်ငှက်မထံပြန်ပေးအပ်ရန် အမိန့်ပေးတော်မူခဲ့သည်။ ထို့နောက် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် မီးရှို့ဖျက်ဆီးခံထားရသော ပုရွက်ဆိတ်အုံတစ်ခုကိုမြင်တွေ့ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က “ဤပုရွက်ဆိတ်အုံကိုမည်သူ မီးရှို့ခဲ့သနည်း” ဟု မေးမြန်းတော်မူခဲ့သည်။ ဆွဟာဗဟ်အချို့က “ကျွန်တော်မျိုးတို့ပါ” ဟု ဖြေကြားခဲ့ကြသည်။ ထိုအခါ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က ၎င်းတို့အား မိန့်ကြားတော်မူသည်- “အမှန်စင်စစ်၊သက်ရှိသတ္တဝါကို မီးဖြင့် ပြစ်ဒဏ်ပေးခြင်းသည် ထိုမီးကို ဖန်ဆင်းတော်မူသော

အလ္လာဟ်အရှင်မြတ်မှလွဲ၍မည်သူတစ်ဦးတစ်ယောက်အတွက်မျှမပိုင်ပေ။

http://www.sunnah.global/hadeeth/my/show/8892